# " ကျွန်ုပ်တို့တိုက်ပွဲနှင့် အကြမ်းဖက် မဖက်ပြဿနာ"

ပြည်တွင်းထဲမှ ပေးပို့သော ဆောင်းပါးတပုဒ်

တပါတီအာဏာရှင်စနစ်ကို ဖယ်ရှားရေး၊ ပြည်သူ့ကိုယ်စားပြု ဒီမိုကရေစီဖြစ်ပေါ်လာရေးအတွက် မြန်မာပြည်သူများ ဆင်နွှဲနေကြသော ဒီမိုကရေစီတိုက်ပွဲသည် မြန်မာ့လူနေမှုဘဝအရ မှန်ကန်သည်။ တိုက်ပွဲအောင်နိုင်ရေးအတွက် အသက်ပေါင်းများစွာကို ပြည်သူတို့ စတေးခံခဲ့ပြီးလည်းဖြစ်သည်။ မြန်မာပြည်သူများသည် မလျှော့သောဇွဲဖြင့် ရှေ့ဆက်တိုက်ပွဲဝင်နေဆဲပင်။ ဒီမိုကရေစီရရှိရေး လှုပ်ရှားမှုများနှင့် ကြွေးကြော်သံများသည် ကမ္ဘာသို့ပြန့်နှံ့လျှက် နိုင်ငံတကာမှ ပြည်သူများလည်း မြန်မာ့ဒီမိုကရေစီတိုက်ပွဲကို စောင့်ကြည့်လျှက် တိုက်ပွဲဘက်မှ ရပ်တည်မှုရှိကြသလို ဥပေက္ခာပြု နိုင်ငံများလည်း ရှိနေသည်။ မြန်မာတို့၏ ဒီမိုကရေစီတိုက်ပွဲ လိုရင်းပန်းတိုင်သို့ မချဉ်းကပ်နိုင်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ရှေ့ဆက်မည့်သို့ ဆောင်ရွက်ကြရမည်နည်း။

ဒီမိုကရေစီဘက်တော်သားများသည် မိမိတို့ဆောင်ရွက်ကြရမည့်အရေးထက် နအဖ၏ လုပ်ဟန်စံထားချက်များကို ပထမဆုံး သိထားကြမှ အရေးသာမည်။ ဒီမိုကရေစီ ရန်သူ၏ ပျော့ကွက် ဟာကွက်များကို ချုပ်ကိုင်မိရမည်။ ရန်သူ၏ ဦးတည်ချက်၊ ရည်မှန်းချက်၊ ယုံကြည်ချက်များကို ခွဲခြမ်းစိပ်ဖြာနိုင်ပြီးမှ ရန်သူအားကို ဖြိုခွင်းနိုင်မည်။ ယင်းကြောင့် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ဖြစ်ပေါ်ခဲ့သည့်သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် မဆလခေတ်က အစပျိုးခဲ့ပြီး နဝတ-နအဖအဆုံး စစ်အာဏာရှင်များဖြစ်နေကြသည်ကို တွေ့ရပေသည်။ သူတို့သည် အမည်ကွဲသော်လည်း စစ်အာဏာရှင်စနစ် အသက်ရှင် အခွန့်ရှည်ရေး၊ မိမိတို့လက်ဂယ် အာဏာ ထိမ်းထားနိုင်ရေး၊ မိမိတို့အပေါ် ဆန့်ကျင်မှု မှန်သမျှကို အကြမ်းဖက် နှိပ်ကွပ် ဖြိုခွင်းရေးတို့ဖြစ်၍ ဤသည်မှာ တခုတည်းသော သူတို့၏ ယုံကြည်ချက်ဖြစ်သည်။

သူတို့ကို ပြည်သူက လိုလားသည် မလိုလားသည်ကို ပဓာနမထား၊ မိမိတို့၏ ရည်မှန်းသည့်အတိုင်း အကောင်အထည် ဖေါ်မည့် လုပ်ငန်းဟူသမျှကို ပြည်သူ လူထုအား နာခံစေရေး၊ အဆိုပါ လုပ်ငန်းဟူသမျှကို ပြည်သူ့ဆန္ဒသဘောထား အတိုင်း ဆောင်ရွက်ချက်အဖြစ် ရောက်ရှိစေရေးကို ဦးတည် လုပ်ဆောင်နေသည်။ သူတို့လက်ဂယ် ရောက်ရှိနေသော စစ်အာဏာဖြင့် နိုင်ငံတော် အာဏာသုံးရပ်ကို ချုပ်ကိုင်၍ အနာဂတ် မြန်မာနိုင်ငံကို ထိမ်းထားနိုင်ရေးအား ရည်မှန်းထားသည်။ နအဖစစ်ခေါင်းဆောင်များမှာ မဆလဉခွံတွင်းမှ မွေးထုတ်ပေးခဲ့သည့်သူများ ဖြစ်သည့်အတိုင်း စစ်အာဏာရှင်စနစ် တည်မြဲရေးနှင့် ဒီမိုကရေစီ ဆန့်ကျင်ရေး စစ်မြေပြင်သို့ဆင်း၍ လက်တွေ့တာဝန်ယူဘူးသူများ ဖြစ်ကြသည်။ သူတို့သည် ရှုံးပွဲမတွေ့ အောင်ပွဲတွေ့နေသူများဖြစ်၍ သူတို့အပေါ် ဆန့်ကျင်မှုမှန်သမျှကို အကြမ်းဖက်နှိပ်ကွပ် သတ်ဖြတ်ရန် လက်မရွံ့သူများ ဖြစ်ကြသည်။

သူတို့သည် ပြည်တွင်းမှ ဆန့်ကျင်မှု မှန်သမျှကို အကြမ်းဖက်နှိပ်ကွပ်ပြီး ပြည်ပဆန့်ကျင်မှုကို အလေးမမူ ဂရုမစိုက်ကြပေ။ ပြည်တွင်း စီးပွားရေး ကျပ်တည်းမှုကို အခြေခံ၍ ပြည်သူချင်း စီးပွါးရေး ပဋိပက္ခဖြစ်အောင် ဖန်တီးပြီး လာတ်ပေးလာဘ်ယူ စနစ်ဖြင့် မိမိအင်အားကို စုကာ တိုင်းပြည် အုပ်ချုပ်ရေးကို ရာသက်ပန် လက်မလွှတ်ရအောင် ဖန်တီးနေကြသည်။

ဒီမိုကရေစီတိုက်ပွဲကို ဆင်နွှဲနေသူ များအနေဖြင့်လည်း နအဖ ကို အဓိကရန်သူဟု သတ်မှတ်ပြီး ခြေမှုန်းသုတ်သင် နိုင်ရေးအတွက် မိမိတို့ဘက်က ရန်သူ နအဖ ကြောက်ကိန်းကျစေသော နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး နည်းဗျူဟာ တရပ်ကို ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ဖေါ်ထုတ်ပြသကြရန် လိုနေသည်။ ဤအင်အားသည်ပင်လျှင် နအဖနှင့် ဒီမိုကရေစီ တိုက်ပွဲအကြား ဖြစ်ရှိနေသော နိုင်ငံရေးပဋိပက္ခကို ရှင်းရာ၌ အရင်းခံ ဖြစ်နေလိမ့်မည်။ အကြောင်းသော်ကား နအဖ၏

တရားသေ ကိုင်စွဲထားသော မူဂါဒလမ်းစဉ်များကို လျော့ပေါ့ရန်နှင့် အကြမ်းမဖက်သောတိုက်ပွဲထဲသို့ နအဖ အနေဖြင့် ဂင်ရောက်လာပြီး တွေ့ဆုံဆွေးနွေးရေး ဦးတည်ချက်ကို ဖြစ်ပေါ်လာစေနိုင်သောကြောင့် ဖြစ်သည်။

သို့ဖြစ်၍ အကြမ်းဖက် - အကြမ်းမဖက်ဂါဒကို ဤတိုက်ပွဲအတွင်း စဉ်းစားဂေဖန်နေကြလျှင် မပြီး၊ လိုအပ်က လိုအပ်သလို ဆုံးဖြတပြီး အကောင် အထည်ဖေါ် လုပ်ဆောင်ခြင်းသာ အရေးကြီးသည်။ ပြတ်သားသော ဆုံးဖြတ်ချက်ကို မချမှတ်နိုင်ဘဲ တိုက်ပွဲကို ဖေါ်နေလျှင် ရန်သူ နအဖအား အခွင့်အခါကောင်း ပေးအပ်ထားသလို သူတို့ကစားရာသို့ လိုက်ပြီး လုပ်ဆောင်ရသော အခြေအနေသို့ ကျရောက်စေသည်။

ယနေ့ ကျွန်ုပ်တို့ ဒီမိုကရေစီတိုက်ပွဲကို ကမ္ဘာက သိရှိပြီးဖြစ်သည်။ မိမိတို့ဘက်တော်သားများ၏ နေရာအနှံ့ နေရာယူပြီး ဖြစ်သလို မီဒီယာ လောကတွင်လည်း မိမိတို့ကပင် အသာစီး ရရှိနေပြီး ပြည်တွင်း လှုပ်ရှားမှုများကလည်း ရပ်တန့်မှုမရှိ။ ရလျှင်ရသလို ဆန္ဒပြ လှုပ်ရှားတိုက်ပွဲဂင်နေကြသည်။ သို့သော် မည်သို့သော လိုအပ်ချက်များ ကျန်ရှိနေသနည်း။ ပြည်တွင်းပေါက်ကွဲမှုကြီး ဖြစ်ရန်သာ ကျန်ရှိနေပါတော့သည်။ ဤပေါက်ကွဲမှုကို ပြည်တွင်း၌သာ စ၍ရလျှင် ငါတို့ ဒီမိုကရေစီတိုက်ပွဲ ပြီးဆုံးပြီ ဖြစ်သည်။ ပြည်တွင်း ပေါက်ကွဲမှု၏အဓိကသော့ချက်မှာ ပြည်ပဖြစ်သည်။ ဤပေါက်ကွဲမှုကို ပြည်ပ ပေါက်ကွဲမှုမှ မြစ်ဖျားခံ စီးဆင်းရမည်ဖြစ်ရာ ပြည်သူတရပ်လုံ စစ်ရေး နိုင်ငံရေးအရ အားထားလောက်သော ယုံကြည်လောက်သော အင်အားစုတရပ် ရှိရန်လိုသည်။ ထိုအင်အားစု အသင့် ရှိနေပြီဖြစ်လျှင် ဤရှိနေမှုသည်ပင်လျှင် ပြည်တွင်းပေါက်ကွဲမှု၏ သော့ချက်ဖြစ်လာ ပါလိမ့်မည်။

မြန်မာပြည်သူများက ဘယ်မည်သော ဘက်ဘောင်ကို အားထားယုံကြည်လျှက် ပေါက်ကွဲမှုဖြစ်စေ အံ့နည်း။ တကယ်လို့ ပြည်တွင်းပေါက်ကွဲမှုဖြစ်သည်ဆိုအံ့။ ပေါက်ကွဲမှု၏ အကျိုးသက်ရောက်မှုကို ဘယ်မည်သော လူပုဂ္ဂိုလ် အဖွဲ့အစည်း တရပ်က ဦးဆောင်မှု ဖန်တီးပေးပါအံ့နည်း။

ယနေ့ ပြည်တွင်းပြည်ပ ဒီမိုကရေစီတိုက်ပွဲတွင် မြန်မာပြည်သူများ အားထားယုံကြည်လောက်သည့် စံထားချက် ခံရသည့်အဖွဲ့အစည်း မရှိသည်ကို ပြည်တွင်းပေါက်ကွဲမှု မရှိသေးခြင်းက သက်သေဖြစ်သည်။ တဦးချင်း တဖွဲ့ချင်း အခက်အခဲခံ လှုပ်ရှားနေခြင်းမျိုးသာ ဖြစ်နေသည်။ သာဓကအားဖြင့် ပြည်တွင်းကို သုံးသပ်က သိရှိနားလည်နိုင်ပါသည်။ ရှစ်လေးလုံးအရေးအခင်းကလည်း သက်သေထူနေ၏။ ပြည်တွင်းပြည်ပ ဒီမိုကရေစီဘက်တော်သားများလည်း ဟန်အမျိုးမျိုးနှင့် တိုက်ပွဲဂင်နေကြသည်။ နအဖသည် ကျွန်ုပ်တို့၏ ကြိုးပမ်းချက်များကို စောင့်ကြည့်ကာ နည်းပရိယယ်များဖြင့်တဖုံ၊ အကြမ်းဖက်၍တမျိုး အသွင်အမျိုးမျိုးဖြင့် တုန့်ပြန်ခြေမှုန်းနေသည်။

ကျွန်ုပ်တို့ ဒီမိုကရေစီတိုက်ပွဲ ဆင်နွဲရာတွင် နည်းလမ်း ၂မျိုးဖြင့် ဆင်နွဲတတ်ကြရမည်။ အကြမ်းဖက်-မဖက် နည်းလမ်း ၂သွယ် ရှိနေရာ ယနေ့ ကျွန်ုပ်တို့တိုက်ပွဲကို အကြမ်းမဖက်သောလုပ်ဟန်ဖြင့် တိုက်ပွဲဂင်လျှက်ရှိကြရာ မှန်သည် မှားသည်ကို တော်လှန်ရေးတိုက်ပွဲထဲကပင် အဖြေထွက်စေခဲ့ပြီ ဖြစ်သည်။ တရားသေ တဖက်စောင်းနင်း နည်းဗျူဟာကိုတော့ တိုက်ပွဲတွင် မကျင့်သုံးအပ်ပေ။ အကြမ်းမဖက်သော နည်းနှင့် တိုက်ပွဲဂင်ရမည့် နိုင်ငံမျိုးတွင် ဖက်ဆစ်စနစ်ကို စံမထားသော အစိုးရဖြစ်နေရမည်။ ဖက်ဆစ် စနစ်ကို လက်ကိုင် စံထားသောနိုင်ငံတွင် အကြမ်းဖက် လမ်းစဉ်ဖြင့် တိုက်ပွဲဂင်ကြရမည်မှာ သေချာမှန်ကန်သည်။ ဖြစ်ချင်သည် မဖြစ်ချင်သည်ထက် တိုက်ပွဲသဏ္ဍာန်ကို လိုက်၍ တိုက်ပွဲဗျူဟာကို ခင်းကျင်းတတ်ရမည်။ အကြမ်းဖက် ဖက်ဆစ်စနစ်ကို စံထားသော စစ်ဂါဒီများကို အကြမ်းဖက် တိုက်ပွဲဂင်ခြင်းဖြင့် ဒီမိုကရေစီစနစ် ဆန့်ကျင်နေကြသူများအား ခြေမှုန်း ဖျက်သိမ်းနိုင်စေမည် ဖြစ်သည်။ ကျားပါးစပ်မှ အမဲကောင်ကို အသာတကြည်မရနိုင်။ အကြမ်းဖက်ခြင်းမျိုးနှင့်သာ ရယူနိုင်သကဲ့သို့ ဖက်ဆစ်စနစ်ကို စံထားနေသော စစ်ဂါဒီ နအဖ ထံမှ ပြည်သူပိုင်အာဏာကို ရယူရေးတွင် အကြမ်းဖက်ခြင်းဖြင့်သာ ရယူနိုင်ခြင်းမျိုးဖြစ်သည်။

အနောက်နိုင်ငံများမှ အကြမ်းမဖက်ရေးဂါဒသည် သူတို့နယ်မြေ သူတို့ဒေသ နိုင်ငံများအတွက် မှန်ကန်နေသော်လည်း လူနေမှုစနစ်ချင်း ခံယူချက်ချင်းမတူဘဲ ကွဲပြားခြားနားမှုရှိနေသော နိုင်ငံတချို့အတွက်မူ ၎င်းဂါဒသည် ဖြစ်ရှိနေသော ပြဿနာကို ထိရောက်စွာမဖြေရှင်းနိုင်။ မြန်မာနိုင်ငံ ဒီမိုကရေစီတိုက်ပွဲသည် ရန်သူစစ်မြေတွင် ဘာတပြန် ကျားတပြန် အချီအချ ဖြစ်နေရပုံက မြန်မာဒီမိုကရေစီတိုက်ပွဲအတွက် လိုအပ်ချက် ဟာကွက်တခုခု ရှိနေသည်ကို မီးမောင်း ထိုးပြနေခြင်း ဖြစ်သည်။

စစ်ဂါဒီ နအဖ သည် ဒီမိုကရေစီဘက်တော်သားများကို ရန်သူများဟု တရားသေ သတ်မှတ်ချက်ချပြီး ရန်သူကို ရန်သူကဲ့သို့ ခွဲခြားလျှက် ဆက်ဆံသည်။ တုန့်ပြန်သည်။ ခြေမှုန်းသည်။ ကျွန်ုပ်တို့ဘက်က ရန်သူ မိတ်ဆွေ ခွဲခြား သတ်မှတ်ချက် တရားသေမရှိဘဲ တိုက်ပွဲဝင်နေကြမည်ဆိုလျှင် မည်သည့်အခါမှ အောင်ပွဲဆီသို့ ရောက်နိုင်မည်မဟုတ်ပေ။ ရန်သူအတွက် အားသာချက်များကိုသာ ဖြစ်စေလိမ့်မည်။

..............................